# သော်တာဆွေ

# မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်း

သတ္တိနှင့် သစ္စာ၊မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်းတို့သည် ဒွန်တွဲနေ၏။ သစ္စာမဲ့သူသည် သတ္တိမဲ့သူဖြစ်၏။ သစ္စာရှိသူသည် သတ္တိရှိသူဖြစ်၏။ သစ္စာကို သတ္တိနှင့် စောင့်ထိန်းရ၏။ သတ္တိဆိုရာ၌ မှန်ကန်သော ကိစ္စကိုရဲဝံ့စွာ ပြုလုပ်ခြင်းသာမဟုတ်သေး။ မကောင်းမှုကို စောင့်ထိန်းခြင်း၊ မှားယွင်းသော ဆန္ဒလောဘကို ချုပ်တည်းနိုင်ခြင်း၊ အောင့်အည်း သည်းခံနိုင်ခြင်းလည်း သတ္တိမည်၏။
မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်းလည်း ထိုနည်းအတူ တစ်ခုနှင့်တစ်ခု အမှီသဟဲပြုနေ၏။ ပင်ကိုယ်မူလက မည်မျှပင် ရဲရင့်သူ ဖြစ်နေစေကာမူ မမှန်ကန်သော အမှုကို ပြုလိုက်မိပြီဟု မိမိကိုယ်ကိုမိမိ သိလိုက်မိသည်နှင့်တပြိုင်နက် ထိုသူ၏ ရဲရင့်ခြင်းတို့သည် ပျောက်ကွယ်သွား ၍ ကြောက်ရွံ့သူအဖြစ်သို့ ရောက်ရှိသွားတော့၏။

ဝတ္ထုတစ်ပုဒ်နှင့် သာဓကပြုပါမည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၅နှစ်ကျော်က ဖြစ်ပါသည်၊ ကာယကံရှင်များမှာမူလူ့ဘောင်၌ မရှိကြတော့ပြီ။
ဦးအောင်ဒွန်း  ----။

ကျွန်တော်တို့ ရွာမှ ရွာသူကြီး ဦးအောင်ဒွန်း၊ အင်မတန်မှ ရဲရင့် သတ္တိရှိသည်ဟု ကျော်ကြားသည်၊ သူခိုးဓားပြကို လက်ရဖမ်းခဲ့ဖူး ၍ နာမည်ကောင်းလက်မှတ်နှင့် ဆုတော်ငွေများ ရခဲ့ဘူးသည်။ နှစ်လုံးပူး သေနတ်ကိုင်ရသည်။ ဆယ်ခိုင်သူကြီးခန့်အပ်ခြင်းခံရ ၍ ရွာဆယ်ရွာကို အုပ်ချုပ်ရသည်။ ထိုရွာများ၌ ဖြစ်ပေါ်သော အမှုကြီးငယ်တို့သည် ဆယ်အိမ်ခေါင်းများမှ တဆင့် သူ့ဆီရောက်ရသည်။ ကြီးသော အမှုဆိုလျှင် ရုံးဂတ်ပို့ ၍ ငယ်သောအမှုဆိုလျှင် သူပင်စီရင်ချက်ချလိုက်သည်။ တစ်ညချုပ်နှောင်ခွင့်နှင့် ငါးကျပ်အထိ ဒဏ်ငွေတပ်နိုင်သော အာဏာရှိသည်။
လူကောင်ကြီးမားလှ၍ ဥပဓိရုပ်လည်းကောင်းလှသည်။ အင်အားဗလလည်း ပြည့်စုံလှသည်။ နွားထီးတစ်ကောင်ကို လက်ပြင်ရိုး လက်သီးနှင့်ထိုး ၍ လှဲနိုင်သည်ဟု ပြောကြပါသည်။
သူ့အိမ်နှင့် ကျွန်တော်တို့အိမ်မှာ မျက်စောင်းထိုး ခါးလှမ်းခုတ် အိမ်နီးချင်း ဖြစ်ပါသည်။

# ဘရန်ဒီတစ်ပုလင်း

ဤခေတ် ဤအခါ၌ ဤကဲ့သို့သော ပွားအုတ်တံဆိပ်၊ သံကြိုးခက်၊ ဘီယိုက် ဘရန်ဒီစစ်စစ်ကို ရှာဖွေယူဆောင်လာနိုင်သူအား အထူးပင် ချီးမွမ်းပြောဘာ ထောမနာပြုဖွယ် ကောင်းပါပေ၏။

အကြောင်းမှာ နိုင်ငံမာစတာကို စိုးစံတော်မူသော ဒုတိယမြောက် နှစ်ဖြစ်၍ ငင်းမာစတာများကိုယ်တိုင်ပင် ဆာကေးခေါ် အသီးမှာ ချက် အရက်လောက်မှ မကွဲသော ဂျပန်စိမ်းရေကို သောက်သုံးနေရသော အချိန် ဖြစ်၍ အနောက်နိုင်ငံဖြစ် လက်ကျန် ဘီယာ၊ ဘရန်ဒီ၊ ဝီစကီတို့ကား ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်လေပြီ။ လူမှာ မှတ်စာအတွက် သတင်းစာကြော်ငြာနှင့် လိုက်လံရှာဖွေသော သူများပင် လက်လျှော့ရသော အခါသမယကြီး ဖြစ်ပေ၏။

အကယ်၍သာ စစ်ချောင်းကွက်သစ်ရှိမင်းတိုင်ပင်အမတ်ဟောင်း ဦးတုတ်ပေါ်၏ နှုတ်ခမ်းမွေးကို ထူးဆန်းစွာ မီးမလောင်ခဲ့ပါမူ ထိုဘရန်ဒီ တစ်ပုလင်းသည် ဤရပ်ကွက်သို့ ရောက်လာမည် မဟုတ်ချေ။

ဦးတုတ်ပေါ် လူ့ပြည်သို့ ရောက်ခဲ့သည်မှာ နှစ်ပေါင်းခြောက်ဆယ် ကျော်နှင့် ခုနစ်ဆယ်သို့ ချဉ်းနဲ့ချေပြီ၊ ယခုကဲ့သို့ ဝမ်းနည်းဖက်လက် မဖြစ်စဖူး ထူးထူးဆန်းဆန်း အသက်အရွယ်ကြီးမှပင် ကြုံတွေ့ရချေသည်။

လူ့ပြည်ဘဝ၌ ရည်းစားပေါင်း တစ်ဒါဇင်ကျော်မျှ သူ့အရင် လင်ယူ သွားကြသည်ကို ဤမျှ မခံစားဖူးပေ၊ ထိုပုလုံတုံ တော့ခဲ့သည်။ ချစ်လှစွာသော သမီးအကြီးဆုံး လင်ပေးစားခါနီး သူ့ရည်းစားနောက် လိုက်ပြေးခဲ့စဉ်ကနှင့် လည်း မနှိုင်းယှဉ်နိုင်၊ မြို့သမ္မတမွှေးညည်းကလေး ကုန်အောင်ပင် ကြိုးပမ်းခဲ့၍ အမတ်ရာထူးရပြီးနောက် အမတ်တို့၏ဘဝ အပျော်အပါးလွန်သဖြင့် အရင်းငွေတစ်ပြားမျှ မရခင် ရာထူးပြုတ်ကျသည်ကို ဤမျှ ဝမ်းမနည်းမိ၊ အမတ်လုပ်ပြီး ရမ်းကားမှုကြောင့် မယားဖြစ်သူ စိတ်ညစ်သေသည်လည်း မထောင်းတာလှ။

# ဘရန်ဒီတစ်ပုလင်း

ဤခေတ် ဤအခါ၌ ဤကဲ့သို့သော ပျားအုံတံဆိပ်၊ သံကြိုးခတ်၊ ဘီလိုက် ဘရန်ဒီစစ်စစ်ကို ရှာဖွေယူဆောင်လာနိုင်သူအား အထူးပင် ချီးမွမ်းဩဘာ တောမနာပြုဖွယ် ကောင်းပါပေ၏။

အကြောင်းမှာ နိပွန်မာစတာကို စိုးစံတော်မူသော ဒုတိယမြောက် နှစ်ဖြစ်၍ ဂျင်းမာစတာများကိုယ်တိုင်ပင် ဆာကေးခေါ် အဘိဓာ ချက်အရက်လောက်မှ မရှိသော ဂျပန်စိမ်းရေကို သောက်သုံးနေရသော အချိန် ဖြစ်၍ အနောက်နိုင်ငံဖြစ် လက်ကျန် ဘီယာ၊ ဘရန်ဒီ၊ ဝီစကီတို့ကား ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်လေပြီ။ လူမမာ ဓာတ်စာအတွက် သတင်းစာကြော်ငြာနှင့် လိုက်လံရှာဖွေသော သူများပင် လက်လျှော့ရ သော အခါသမယကြီး ဖြစ်ပေ၏။

အကယ်၍သာ စမ်းချောင်းကွက်သစ်ရှိ မင်းတိုင်ပင်အမတ်ဟောင်း ဦးတုတ်ပေါ်၏ နှုတ်ခမ်းမွေးကို ထူးဆန်းစွာ မီးမလောင်ခဲ့ပါမူ ထိုဘရန်ဒီ တစ်ပုလင်းသည် ဤရပ်ကွက်သို့ ရောက်လာမည် မဟုတ်ချေ။

ဦးတုတ်ပေါ် လူ့ပြည်သို့ ရောက်ခဲ့သည်မှာ နှစ်ပေါင်းခြောက်ဆယ် ကျော်နှင့် ခုနစ်ဆယ်သို့ ချဉ်းခဲ့ပြီ၊ ယခုကဲ့သို့ ဝမ်းနည်းဖက်လက် မဖြစ်စဖူး ထူးထူးဆန်းဆန်း အသက်အရွယ်ကြီးမှပင် ကြုံတွေ့ရချေသည်။

လူပျိုဘဝ၌ ရည်းစားပေါင်း တစ်ဒါဇင်ကျော်မျှ သူ့အရင် လင်ယူ သွားကြသည်ကို ဤမျှ မဆွေးပူမိ၊ ထိုပုလဲကဲ့ တောခဲ့သည်၊ ချစ်လှစွာသော သမီးအကြီးဆုံး လင်ပေးစားခါနီး သူ့ရည်းစားနောက် လိုက်ပြေးခဲ့စဉ်ကနှင့် လည်း မနှိုင်းယှဉ်နိုင်၊ မြို့သမ္မပစ္စည်းကလေး ကုန်အောင်ပင် ကြိုးပမ်းခဲ့၍ အမတ်ရာထူးရပြီးနောက် အမတ်တို့၏ဘာဝ အပျော်အပါးလွန်သဖြင့် အရင်းငွေ တစ်ပြားမျှ မရမိခင် ရာထူးပြုတ်ကျသည်ကို ဤမျှ ဝမ်းမနည်းမိ၊ အမတ်လုပ်ပြီး ရမ်းကားမှုကြောင့် မယားဖြစ်သူ စိတ်ညစ်သေသည်လည်း မကောင်းတော့။